EMReF
Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၄)၊ အမှတ်-၉၅

ဖေဖော်ဝါရီ ၁၈ ရက်၊ ၂၀၂၀

## ကယား လမ်းပန်းဆက်သွယ်ရေးနှင့်လျှပ်စစ်ဝန်ကြီးကို လဝကဝန်ကြီးအဖြစ် ပူးတွဲခန့်အပ်

**ဖေဖော်ဝါရီ ၁၄၊ ၂၀၂၀**

ကယားပြည်နယ်အစိုးရ လမ်းပန်းဆက်သွယ်ရေးနှင့်လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူကို လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်ရန် ကယားပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုရာ ကန့်ကွက်သူမရှိသည့်အတွက် ဖေဖော်ဝါရီ ၁၄ ရက်နေ့က ကျင်းပသော ကယားပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေးတွင် အတည်ပြုလိုက်သည် ဟု သိရသည်။




ဝန်ကြီးဦးခင်မောင်ဖြူသည် ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် မွေးဖွားကာ ဗမာ၊ ကယားလူမျိုးဖြစ်ပြီး ရန်ကုန်စက်မှုတက္ကသိုလ်မှ အင်ဂျင်နီယာဘွဲ့ ရရှိထားသည်။ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းတို့တွင် အင်ဂျင်နီယာမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

၎င်းသည် လက်ရှိအစိုးရသက်တမ်း ၂၀၁၆ ခုနှစ်ကစတင်၍ လမ်းပန်းဆက်သွယ်ရေးနှင့်လျှပ်စစ်ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ပြီးခဲ့သည့် ၁၅ ကြိမ်မြောက် ကယားပြည်နယ် လွှတ်တော်ပုံမှန်အစည်းအဝေးတွင် ကယားပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ပြည်နယ်ဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းခဲ့သည့် ဦးတင်ဌေးကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်ခဲ့၍ ခန့်အပ်နိုင်ခဲ့ခြင်း မရှိခဲ့ပေ။

(ကိုးကား - http://burmese.dvb.no)

## လွိုင်ကော်တပ်သိမ်းမြေများအတွက် လျော်ကြေးပေးရန် တပ်ကိုတောင်းဆိုထားဟုဝန်ကြီးပြော

**ဖေဖော်ဝါရီ ၁၃၊ ၂၀၂၀**

လွန်ခဲ့သည့် ၂၈ နှစ်ကတည်းက သိမ်းခံခဲ့ရသည့် ရာနှင့်ချီသော မြေဧကများကို တောင်သူများက ပြန်လိုချင်နေကြပြီး ကာကွယ်ရေးဘက်က မစွန့်လွှတ်နိုင်ပါက လျော်ကြေးပေးရန် ပြည်နယ် စိုက်၊ မွေး၊ ဆည်ဝန်ကြီးက တောင်းဆိုထားသည်။

လွိုင်ကော်မြို့အဝင်ရှိ တပ်မတော်တပ်ခွဲ နှစ်ခုက ပြန်မစွန့်လွှတ်သေးသည့်မြေများအတွက် တောင်သူများလျော်ကြေးရနိုင်ရန် တောင်းဆိုထားသည်ဟု ကယားပြည်နယ်အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးဘောစ့်ကို က Myanmar Now ကို ပြောသည်။

လွိုင်ကော်-တောင်ကြီး ကားလမ်းမပေါ်ရှိ အမှတ် (၉၀၃) စစ်မြေပြင်အင်ဂျင်နီယာတပ်ခွဲနှင့် ဆက်သွယ်ရေးတပ်ခွဲတို့က သိမ်းဆည်းထားသည့်မြေများအတွက် ကာကွယ်ရေးဝန်ကြီးဌာနက လျော်ကြေးပေးချေနိုင်ရန် ဆောင်ရွက်သွားမည်ဟု ဇဟိုလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီ၏ ပြီးခဲ့သည့် ဇန်နဝါရီလအစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ကြောင်း ဝန်ကြီးက လွန်ခဲ့သည့် နှစ်ရက်က ကယားပြည်နယ်လွှတ်တော်တွင် ပြောသွားသည်ကို တိုက်ရိုက်ထုတ်လွှင့်မှုတွင် မြင်ရသည်။

"ပြန်မစွန့်နိုင်ဘူးဆိုရင်တော့ မြေယာလျော်ကြေးလျာထားပေးဖို့ ကျွန်တော်တို့က ဇဟိုကို တင်ထားတယ်။ ဇဟိုကလည်း ကာကွယ်ရေးဝန်ကြီးကို ဆက်တင်ထားတယ်"ဟု ၎င်းက Myanmar Now ကို ပြောသည်။

သို့သော် ကာကွယ်ရေးဝန်ကြီးဌာန၏ အကြောင်းပြန်ကြားချက်ကို သိရမှသာပေးချေမည့် လျော်ကြေးနှုန်းထားကို သတ်မှတ်နိုင်မည်ဟုဆိုသည်။ ဒေသခံများကမူ အဆိုပါဒေသများတွင် တောင်ယာမြေတစ်ဧက ကျပ်သိန်း ၈၀ ဝန်းကျင်နှင့် လယ်မြေတစ်ဧက ကျပ်သိန်းရာချီပြီး ကာလပေါက်ဈေးရှိသည်ဟုဆိုသည်။ လျော်ကြေးရမည့်မြေဧကမှာ ၁၇၀ ခန့် ရှိနိုင်သည်ဟု ဝန်ကြီးကပြောပြီး တောင်သူများကမူ တပ်ခွဲနှစ်ခုစလုံးက သိမ်းထားသည့် လယ်မြေနှင့်ယာမြေ နှစ်ခုပေါင်း ၃၁၆ ဒသမ ဝ၈ ဧက ရှိကြောင်း ပြောသည်။

သို့ရာတွင် မြေသိမ်းခံတောင်သူများဘက်ကမူ လျော်ကြေးထက် မြေကိုသာ ပြန်လိုချင်သည်ဟုပြောသည်။ မြေနီကုန်းကျေးရွာအပါအဝင် ရွာငါးရွာတွင် လွန်ခဲ့သော နှစ် ၅၀ ကတည်းက စိုက်ပျိုးလာခဲ့ကြသည့် လယ်ယာမြေများကို လွန်ခဲ့သည့် ၂၈ နှစ် ကတည်းက တပ်က သိမ်းဆည်းထားပြီး စီမံကိန်းတစ်စုံတစ်ရာ ဆောင်ရွက်ခြင်းမရှိကြောင်း ဆိုသည်။

(ကိုးကား - https://myanmar-now.org)

# ကျိုက်ထီးရိုးတောင်ပေါ်နှင့် ကင်ပွန်းစခန်းရှိ ဟိုတယ်များ သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်သည့် အစီရင်ခံစာများရေးဆွဲရန် ညွှန်ကြားထား

ဖေဖော်ဝါရီ ၁၂၊ ၂၀၂၀

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးတောင်ပေါ်နှင့် ကင်ပွန်းစခန်းမှ ဟိုတယ်များ သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်သည့်အစီရင်ခံစာများ ရေးဆွဲရန် ညွှန်ကြားထားကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်းက ပြောသည်။

ဖေဖော်ဝါရီလ ၁၀ ရက်နေ့က ပြုလုပ်ကျင်းပသော ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)တွင် ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ကြည်မြ၏ မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် တင်သွင်းခဲ့သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ကြည့်ရေးကော်မတီ၏ အစီရင်ခံစာများအား အစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်ထားသည်ကို သိရှိလိုသောမေးခွန်းမေးမြန်းရာတွင် ၎င်းက ဖြေကြားခဲ့ခြင်းဖြစ်သည်။

'မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေနဲ့ ကျိုက်ထီးရိုးတောင်ပေါ်နှင့် ကင်ပွန်းစခန်းတို့ရှိ ရိုးရိုးလေးဟိုတယ်၊ ကျိုက်ထိုဟိုတယ်၊ Mountain top ဟိုတယ်၊ Family Motel စသည်တို့အား တည်ဆောက်ထားသည့် အခန်းအရေအတွက်၊ စွန့်ပစ်ပစ္စည်းထွက်ရှိမှု ပမာဏအပေါ်မူတည်၍ ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေမည့်အစီအစဉ် (EIMP)၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ် (WMP)၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA)၊ အစီရင်ခံစာတို့အားရေးဆွဲရန် ညွှန်ကြားထားပြီ'ဟု ဒေါက်တာမင်းကြည်ဝင်းက ဆိုသည်။

အဆိုပါ အစီရင်ခံစာများအား အတည်ပြုချက်ရရှိရေး ဆောင်ရွက်သွားရန် ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောသည်။

မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် ပြည်နယ်လွှတ်တော်၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ကြည့်ရေးကော်မတီမှ မွန်ပြည်နယ်အတွင်းရှိ ကဏ္ဍ (၄) ရပ်အပေါ် အစီရင်ခံစာ (၅) စောင်တင်သွင်းခဲ့ပြီး လွှတ်တော်မှမှတ်တမ်းတင်ထားရှိကာ မွန်ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်သင့်သည်များရှိပါက ဆောင်ရွက်ရန် မွန်ပြည်နယ်လွှတ်တော်မှ မွန်ပြည်နယ်အစိုးရအဖွဲ့သို့ ပေးပို့သည်။

(ကိုးကား - Southern Myanmar News)

# မန္တလေးတိုင်းအတွင်း တရားမဝင် နေထိုင်သည့်နိုင်ငံခြားသားများကို ထိရောက်စွာအရေးယူရန်အဆို ရှုံးနိမ့်

ဖေဖော်ဝါရီ ၁၂၊ ၂၀၂၀

မန္တလေးတိုင်းအတွင်း တရားမဝင်နေထိုင်နေသည့် ပြည်ပနိုင်ငံသားများကို အထူးစီမံချက်ဖြင့် စစ်ဆေးဖော်ထုတ်၍ ထိရောက်စွာအရေးယူဆောင်ရွက်ရန် တိုက်တွန်းသည့်အဆိုကို တိုင်းလွှတ်တော်တွင် မဲခွဲဆုံးဖြတ်ရာ ရှုံးနိမ့်ခဲ့သည်။

ဖေဖော်ဝါရီ ၅ ရက်က ကျင်းပသည့် ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးပဉ္စမနေ့တွင် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မိုး (မိတ္ထီလာ-၁)က ယင်းအဆိုကို လွှတ်တော်သို့တင်သွင်းခဲ့သည်။ ဖေဖော်ဝါရီ ၁၁ ရက်၊ ရက်တိုင်းလွှတ်တော်အစည်းဝေးတွင် လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးက အဆိုကိုဆွေးနွေးခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦးက ထောက်ခံဆွေးနွေးကာ နှစ်ဦးက ပြည်ထောင်စုအဆင့်တွင်သာ ဆောင်ရွက်သင့်ကြောင်း အကြံပြုဆွေးနွေးခဲ့သည်။

သို့သော် မန္တလေးတိုင်းဒေသကြီးအတွင်း လက်ရှိအခြေအနေများအရ ကြီးမားသည့်ပြဿနာမရှိသောကြောင့် အထူးစီမံချက်ချရန်မလိုအပ်သေးသည့် အခြေအနေဖြစ်သောကြောင့် အဆိုကိုမှတ်တမ်းအဖြစ်ထားရှိရန် မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်က လွှတ်တော်သို့ပြန်လည်တင်ပြသည့်အတွက်အဆိုကို မဲခွဲဆုံးဖြတ်ရာ ကန့်ကွက်ဆန္ဒမဲ ၃၄ မဲ၊ ထောက်ခံ မဲ ၃၃ မဲ၊ ကြားနေမဲတစ်မဲဖြင့် အဆိုရှုံးနိမ့်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီးသာမက နိုင်ငံအနှံ့အပြားသို့ တရားမ ဝင်ဝင်ရောက်နေထိုင်နေသည့် ပြည်ပနိုင်ငံသားများကြောင့် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အန္တရာယ်ရှိစေသဖြင့် ပိုမိုအလေးထား ဆောင်ရွက်ပေးစေလိုသောကြောင့် ယင်းအဆိုကို တင်သွင်းခဲ့ခြင်းဖြစ်သည်ဟု ပြည်ခိုင်ဖြိုးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မိုးက ပြောသည်။

"အခုကိစ္စက ကိုယ့်ဒေသ၊ ကိုယ့်အရပ်မှာဖြစ်နေတာကို သာမန်အားဖြင့် ပြောမယ်ဆိုရင် သာမန်ရာဇဝတ်မှုလို့ပဲပြောပြော၊ ဒီကိစ္စကို တိုင်းဒေသကြီးအစီအစဉ်နဲ့ မဆောင်ရွက်ဘဲနဲ့ ပြည်ထောင်စုအဆင့်က ဆောင်ရွက်မှကောင်းပါမယ်လို့ဆိုတဲ့သဘောက ကိုယ့်အိမ်ထဲမှာလောင်နေတဲ့မီးကို မီးသတ်ကားလာမှပဲ ငြိမ်းမယ်ဆိုပြီး စောင့်နေတဲ့သဘော သက်ရောက်တယ်"ဟု အဆိုရှင်ကပြောသည်။

လက်ရှိကျင်းပနေသည့် မန္တလေးတိုင်းဒေသကြီးလွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက အဆိုနှစ်ခုတင်သွင်းပြီး မဲခွဲဆုံးဖြတ်ရာ နှစ်ခုစလုံး ရှုံးနိမ့်ထားသည်။ အဆိုများ ရှုံးနိမ့်ရခြင်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆုံးဖြတ်ချက်များသည် ကိုယ်ပိုင်ဆုံးဖြတ်ချက်များ ဟုတ်၊ မဟုတ် တွေးစရာဖြစ်ကြောင်း ဦးအောင်ကျော်မိုးက ပြောသည်။

(ကိုးကား - https://7day.news)


ဓာတ်ပုံ-မြတ်(ကလေး)

# မန္တလေးမြို့တော်စည်ပင် စက်ရုံနှင့်မော်တော်ယာဉ်ဌာနတွင် စက်သုံးဆီဂါလန် (၁၈၀၀၀၀) ကျော် အလွဲသုံးစားဖြစ်ဟုဆို

**ဖေဖော်ဝါရီ ၁၃၊ ၂၀၂၀**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ စက်ရုံနှင့် မော်တော်ယာဉ်ဌာနတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ ဘဏ္ဍာရေးနှစ် ပထမ ၆ လအထိ စက်သုံးဆီဂါလံ (၁၈၀၀၀၀)ကျော် တန်ဖိုးငွေ ကျပ်သန်း (၇၈၀) ကျော် အလွဲသုံးစားမှုဖြစ်ပေါ် ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ် အစီရင်ခံစာတွင် ဖော်ပြထားသည်။ ယင်းအစီရင်ခံစာကို မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးက ဖေဖော်ဝါရီ (၁၀) ရက် တွင် တိုင်းလွှတ်တော်သို့ တင်ပြခဲ့ခြင်းဖြစ်သည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ စက်ရုံနှင့် မော်တော်ယာဉ်ဌာနနှင့်စပ်လျဉ်း၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ဝယ်ယူခဲ့သော ဒီဇယ်ဆီ ဂါလန် တစ်သိန်းအနက် ဆီလယ်ဂျာအရ ၄၃၂၀၀ ဂါလန် လျော့နည်းကွာခြားခြင်း၊ ၂၀၁၇-၂၀၁၈ ဆီထုတ်ပြေစာများအရ ဒီဇယ်ဆီ ၄၉၁၄၉၅ ဂါလန်ဖြစ်သော်လည်း ဆီလယ်ဂျာအရ လျော့နည်းဂါလန် ၁၅၄၈၂၈ ဖြစ်နေခြင်း၊ ၂၀၁၈ ဘဏ္ဍာရေးနှင့် ပထမ ၆ လတွင် ဆီထုတ်ပြေစာအရ ဓာတ်ဆီဂါလန် ၁၀၀၅၁၇ ဖြစ်သော်လည်း ဆီလယ်ဂျာအရ လျော့နည်းကွာခြားဂါလန်မှာ ၂၉၄၀၀ ဖြစ်သော် လည်း ဌာနလက်ခံစာရင်းတွင် မရှိခြင်းဖြစ်နေသည်ဟု မန္တလေးတိုင်းလွှတ်တော် ပြည်သူ့ငွေစာရင်းသုံးစွဲမှု စိစစ်ရေးကော်မတီဥက္ကဋ္ဌ စဉ့်ကူးမြို့နယ် အမှတ် (၁) တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းထွန်းက စာရင်းစစ်ချုပ် အစီရင်ခံစာနှင့်ပတ်သက်၍ လွှတ်တော်တွင်း သုံးသပ်ဆွေးနွေးရာတွင် ပြောသည်။

ထိုသို့ အလွဲသုံးစားမှုဖြစ်ပေါ်ခြင်းမှာ အလွဲသုံးစားမှုမဖြစ်စေရန် ဟန့်တားနိုင်မည့် အစီအစဉ်များ ချမှတ်ထားမှုမရှိခြင်းနှင့် တာဝန်ရှိသူအဆင့်ဆင့်မှ တာဝန်ယူကြီးကြပ်ကွပ်ကဲမှုအားနည်းခြင်းတို့ကြောင့် ဖြစ်သဖြင့် နိုင်ငံတော် ဘဏ္ဍာရန်ပုံငွေ နစ်နာဆုံးရှုံးမှု မရှိစေရေး ထိရောက်သော စီမံခန့်ခွဲမှု နည်းလမ်းဖြင့် ဆောင်ရွက်ရန်လိုအပ်သည်ဟု စာရင်းစစ်ချုပ်အစီရင်ခံစာတွင် ရေးသားအကြံပြုထားသည်ဟုဆိုသည်။ အစီရင်ခံစာသည် မန္တလေးတိုင်း ဝန်ကြီးဌာန (၇)ခုမှ ဌာနဆိုင်ရာများအပေါ်သုံးသပ်တင်ပြထားခြင်းဖြစ်ပြီး စက်သုံးဆီ အလွဲသုံးစားဖြစ်ပေါ်ခဲ့မှုကိစ္စများသည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ပတ်သက်သည့် ခေါင်းစဉ်အောက်တွင်ပါရှိရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာရဲလွင်က ယင်းနှင့်ပတ်သက်၍ အသေးစိတ် ပြန်လည်ဖြေရှင်းမည်ဖြစ်ကြောင်း ၎င်း၏ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ဖေဖော်ဝါရီ (၁၁) ရက်က ရေးသားထားသည်။

"မြို့တော်အတွက် အထူးသတင်းပါ။ မန္တလေးတိုင်းဒေသကြီး လွှတ်တော်မှာ တင်ပြသွားတဲ့ စာရင်းစစ်ချုပ်ရဲ့ အစီရင်ခံစာကို လွှတ်တော်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ခန့်မှန်းဖေဖော်ဝါရီ ၁၈ ရက်နေ့မှာ ပြန်လည်ဖြေရှင်းမှာပါ။ လွှတ်တော်ကိုလည်း live ထုတ်လွှင့်ပေးဖို့ ပန်ကြားထားပါတယ်။ ကြိုတင်ကြေညာရတာက online media ပေါ်မှာ သတင်းမှားတွေ ပျံ့နှံ့နေလို့ပါ။ မြို့တော်သူမြို့တော်သားတွေ အရပ်သားအစိုးရနဲ့ မြို့တော်စည်ပင်သာယာရေးကော်မတီအပေါ်မှာ အထင်မမှားရလေအောင် စာရင်းစစ်ချုပ်ရဲ့ ထောက်ပြမှုတွေကို တစ်ချက်ချင်း အတိအကျပြတ်ပြတ်သားသား ပြန်လည်ဖြေကြားသွားမှာပါ"ဟု မန္တလေး မြို့တော်ဝန် ဒေါက်တာရဲလွင်က ရေးသားထားသည်။

စာရင်းစစ်ချုပ် အစီရင်ခံစာသည် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီး တိုင်းလွှတ်တော်အတွင်း ဆွေးနွေးအတည်ပြုသည်။ လွှတ်တော်ကိုယ်စားလှယ်များထံ စာရင်းစစ်ချုပ်အစီရင်ခံစာ ဖြန့်ဝေပေးရာတွင် ယခင်နှစ်က လျှို့ဝှက်အဖြစ် သတ်မှတ်ခဲ့ပြီး ယခုနှစ်တွင်မှ ကန့်သတ်ဟုသာ ဖော်ပြထားကြောင်း သိရသည်။

**(ကိုးကား - Mandalay In-depth News)**